# BCG ကာကွယ်ဆေး

## မိဘများအတွက် ဆေးထိုးပြီးနောက်

## ပြုစုစောင့်ရှောက်ရန် သိကောင်းစရာ အချက်များ



immunise

their best protection

## သင့်ကလေး BCG ကာကွယ်ဆေးထိုးပြီးနောက် ဖြစ်လာနိုင်မည်ဟု မျှော်လင့်ရသည့် အရာ

**ရက်သတ္တပတ် ၁ - ၆ပတ်အတွင်း၊** ဆေး ထိုးထားသောနေရာတွင် သေးငယ်သော၊ အနီရောင် အရည်ကြည်ဖု တစ်ခု ပေါ်လာနိုင်သည်။ ထိုအနာကျက်ရန် ရက်သတ္တပတ် အနည်းငယ် ကြာမည် ဖြစ်သည်။

**ရက်သတ္တပတ် ၆ - ၁၂ပတ်နောက်ပိုင်း၊** ထိုအရည်ကြည်ဖုကလေးသည် သေးငယ်စိုစွတ်သော အနာကလေး ဖြစ်လာနိုင်သည်။ ထိုသို့ ဖြစ်လာပါက၊ လေဝင်လေထွက်ရှိစေရန် ပတ်တီးစဖြင့် ဖုံးအုပ်ထားပါ။ **ပလတ်စတာ မကပ်ပါနှင့်။**



ထိုအနာကျက်ရန် သုံးလအထိ ကြာနိုင်ပြီးနောက်၊ အမာရွတ်ငယ်တစ်ခု ကျန်ခဲ့လိမ့်မည်။ ဤသည်မှာ သာမန်ဖြစ်ရပ်ဖြစ်သည်။




BCG ကာကွယ်ဆေးထိုးထားသည့်နေရာ

## ပြုစုစောင့်ရှောက်ရန် သိကောင်းစရာ အချက်များ

- ဆေးထိုးထားသည့်နေရာကို သန့်ရှင်း ခြောက်သွေ့စွာထားရမည်
- အနာဖြစ်လာပါက၊ ပတ်တီးစဖြင့် ဖုံးအုပ်ထားပြီး လေဝင်လေထွက်ရှိအောင် ထားရမည်။



အနာကို ညှစ်ခြင်း (သို့) ကုတ်ခြစ်ခြင်းတို့ **မလုပ်ပါနှင့်။**



အနာပေါ်တွင် ပလတ်စတာ **မကပ်ပါနှင့်။**



အနာပေါ်ကို လိမ်းဆေးများ၊ ဆီများ (သို့) ပရဆေးများ **မလိမ်းပါနှင့်။**



အနာနေရာကို ပွတ်ခြင်း (သို့) နှိပ်နယ်ခြင်းတို့ **မလုပ်ပါနှင့်။**

TB (သို့) BCG ကာကွယ်ဆေးနှင့်ပါတ်သက်ပြီး စိုးရိမ်စရာ (သို့) သတင်းအချက်အလက်များ မေးမြန်းလိုပါက သင်၏ ပြည်သူ့ ကျန်းမာရေး သူနာပြုကို ဆက်သွယ်ပါ။

**ပြည်သူ့ ကျန်းမာရေး သူနာပြု အမည်။ ။** ____________________

**ဖုန်း။ ။** ____________________

ဆေးထိုးပြီးနောက် မေးခွန်းများ (သို့) စိုးရိမ်ပူပန်စရာ မည်သည့်မဆို ရှိပါက Healthline 0800 611 116 သို့ ခေါ်ဆိုပါ။

immunise
their best protection

MINISTRY OF HEALTH
MANATŪ HAUORA

hpa health promotion agency

New Zealand Government

ဤအကူအညီကို www.healthed.govt.nz (သို့) သင်၏ဒေသDHB ရှိ တရားဝင် အသိအမှတ်ပြု ထောက်ပံ့ပေးသူ ထံတွင် ရရှိနိုင်သည်။
၂၀၁၄ခုနှစ် Revised February 2015. Burmese Code **HE2237**